## 2 နေထိုင်ခွင့်သက်တမ်းတိုးခြင်း၊ နေထိုင်ခွင့်အမျိုးအစားပြောင်းခြင်း၊ ရာသက်ပန်နေထိုင်ခွင့် လျှောက်ထားခြင်း၊ နေထိုင်ခွင့်ပြင်ပ လုပ်ရှားမှုခွင့်ပြုချက်၊ ပြန်လည်ပြည်ဝင်ခွင့် သို့မဟုတ် နေထိုင်ခွင့် ရယူခြင်း

### 2-3 တရားမဝင်ကျန်နေခြင်း(နေထိုင်ခြင်း)

နေထိုင်ခွင့်သက်တမ်းကို ၁ရက်မျှပင် ကျော်လွန်၍နေထိုင်ပါက 'တရားမဝင်ဆက်လက်နေထိုင်ခြင်း (overstay) ဖြစ်ပြီး၊ အချိန်ကာလ အတိုင်းအတာတစ်ခုတွင်း ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်မပြုပါ။ တရားမဝင်ဆက်လက်နေထိုင်သူများ မိမိနိုင်ငံသို့ပြန်သွားရန် အောက်ပါ အတိုင်း လုပ်ဆောင်ရမည်။

| | |
|---|---|
| **သာမန်နည်းဖြင့် ပြန်သွားခြင်း** | ရောဂါစသည့်မလွဲမရှောင်နိုင်သည့်အခြေအနေအရ(သို့) ရက်အနည်းငယ်သာကျော်လွန်၍ တရားမဝင်ဆက်လက်နေထိုင်ခဲ့လျှင် နေထိုင်ခွင့် သက်တမ်းတိုးခွင့် လျှောက်၍ ခွင့်ပြုချက်ရရှိပါက သာမန်နည်းဖြင့် ပြန်သွားနိုင်ခြေရှိသောကြောင့် တတ်နိုင်သမျှစောလျင်စွာ နီးစပ်ရာ ဒေသလူဝင်မှုကြီးကြပ်ရေးဌာနသို့ အကြောင်းကြားရမည်။ |
| **ထွက်ခွာမိန့်ဖြင့် ပြန်သွားခိုင်းခြင်း** | လဂကဥပဒေကျူးလွန်သူများအနက် သတ်မှတ်ချက်အချို့ပြည့်စုံသည့်သူများအတွက် ထိန်းသိမ်းခြင်းမခံဘဲနှင့် လွယ်ကူသည့်နည်းလမ်းဖြင့် ပြန်သွားခိုင်းသည့်စနစ်က ထွက်ခွာမိန့်စနစ်ဖြစ်ပါသည်။<br>ထွက်ခွာမိန့်စနစ်တွင် အကျုံးဝင်သူများသည် အောက်ပါအချက် အလက်အားလုံးနှင့်ကိုက်ညီသည့်တရားမဝင်ဆက်လက် နေထိုင်သူများဖြစ်ပါသည်။<br>(1) အမြန်ဂျပန်နိုင်ငံမှထွက်ခွါရန် စိတ်ဆန္ဒရှိ၍ ကိုယ့်ဘာသာကိုယ် ဒေသလူဝင်မှုကြီးကြပ်ရေးရုံးသို့ အကြောင်းကြားအဖမ်းခံသူဖြစ်ရမည်။<br>(2) နေထိုင်ခွင့်သက်တမ်းကျော်လွန်ခြင်းအပြင် မည်သည့် အတင်းအကြပ်တွက်ခွါခိုင်းခြင်းအကြောင်းအရင်းနှင့် မသက်ဆိုင်သူဖြစ်ရမည်။<br>(3) ဝင်ရောက်ပြီးနောက် ခိုးမှုစသည့်သတ်မှတ်ထားသောပြစ်မှုကျူးလွန်၍ အလုပ်နှင့်ထောင်ဒဏ်သို့ ထောင်ဒဏ်ကျခံခြင်းမရှိသူဖြစ်ရမည်။<br>(4) အတင်းအကြပ်ထွက်ခွါခိုင်ခြင်း (သို့) ထွက်ခွါမိန့်ဖြင့် ပြန်သွားခြင်းမရှိသူဖြစ်ရမည်။<br>(5) လျင်မြန်စွာ ဂျပန်နိုင်ငံမှ ထွက်ခွါရန်သေချာနိုင်သည်ဟု ယူဆရသူဖြစ်ရမည်။ |

# B နေထိုင်ခွင့်

B နေထိုင်ခွင့် ထိပ်သို့

| | |
|---|---|
| **အတင်းအကြပ်ထွက်ခွါခိုင်းခြင်း (ပြည်နှင်ဒဏ်)** | အဖမ်းခံသည့်အခါ အချုပ်ခန်းစသည့်များတွင် ထိန်းသိမ်းခြင်းခံရပါမည်။ ထို့နောက် ဒေသလူဂင်မှုကြီးကြပ်ရေးရုံးသို့ လွှဲအပ်၍ အတင်းအကြပ်ထွက်ခွါ ခိုင်းရန်ပြုလုပ်သည့်အချိန်အခါရှိသလို တရားစွဲဆိုခြင်းခံရ၍ တရားရုံး ရင်ဆိုင်ရမည့် အခြေအနေလည်းဖြစ်နိုင်သည်။ အတင်းအကြပ်ထွက်ခွါခိုင်း ခြင်းကြောင့် ပြန်သွားသောသူသည် ၅နှစ်အတွင်း ဂျပန်နိုင်ငံသို့ ဂင်ရောက်ခွင့်မပြုပါ။ ယခင်း အတင်းအကြပ်ထွက်ခွါခိုင်းခြင်းခံထားရသူသည် ၁ဂနှစ်အတွင်း (သို့) တစ်သက်လုံး ဂျပန်နိုင်ငံသို့ ပြန်ဂင်ခွင့်မပြုပါ။<br>※အထူးနေထိုင်ခွင့်။ ။အတင်းအကြပ်ထွက်ခွါခိုင်းခြင်းပြုရမည့်သူ ဖြစ်သော်ငြား လည်း အခြေအနေကို ငဲ့ညှာ၍ တရားရေးဂန်ကြီးသည် နေထိုင်ခွင့်ပြုနိုင်သည်။ ဤအစီအစဉ်ကို အထူးနေထိုင်ခွင့်ဟုခေါ်ပါသည်။<br>နေထိုင်ခွင့်ပြုမပြုကို တရာရေးဂန်ကြီးက ဆုံးဖြတ်ပါသည်။ ခွင့်ပြုချက်ရရှိသည့် အခါမှသာ ဆက်လက်၍ဂျပန်နိုင်ငံတွင် နေထိုင်နိုင်ပါသည်။ |